# ဆုံးမသွန်သင် ကျေးဇူးရှင်

မြန်မာဝေါဟာရတွင်ဆုံးမ၊သွန်သင်၊ပဲ့ပြင်ဟူသောကြောင်းတူသံကွဲစကားလုံးများရှိပါသည်။ထိုစကားလုံးများမှာအသံမတူသော်လည်းအကြောင်းအရာတူညီကြသည်။ ဆုံးမဟူသည်မှာ ဆရာသမားက တပည့်သားကို အမြတ်ဆုံးရောက်အောင် မ–စခြင်းကိုဆိုလိုသည်။သွန်သင်ဆိုသည်မှာ ဆရာသမားက တပည့်သားကို အသိပညာအတတ်ပညာများကိုဆရာစားမချန်အားကုန်သွန်ပြီးသင်ပေးခြင်းကိုဆိုလိုသည်။ပဲ့ပြင်ဆိုသည်မှာဆရာသမားကတပည့်သားရဲ့မှားယွင်းမှုမိုက်မဲမှုအပြစ်အနာအဆာ(အပဲ့)များကို ပြင်ပေးခြင်းကိုဆိုလိုသည်။

ဆုံးမသွင်သင်ခြင်းအမှုကိုဘုရားအစရှိသောသူတော်ကောင်းများ၊ဆရာမိဘဘိုးဘွားများကလည်းပြုလုပ်ကြ၏။ဆွေမျိုးသားချင်းများ၊မိတ်ဆွေသင်္ဂဟများကလည်းပြုလုပ်ကြသည်။မြတ်စွာဘုရားရှင်သည် ဆုံးမသွန်သင်သူအားလုံးတို့၏ အသာဆုံးအမြတ်ဆုံးဖြစ်တော်မူသည်ကို အားလုံးလက်ခံပြီးဖြစ်သည်။ မယဉ်ကျေးသောသူများကိုယဉ်ကျေးစေရန်လည်းကောင်း၊ယဉ်ကျေးပြီးသူများကို တစ်ဆင့်ထက်တစ်ဆင့်မြင့်သည်ထက်မြင့်စေရန်လည်းကောင်းဆုံးမတော်မူခဲ့သည်။ အခြားသော ဆရာသမား၊မိဘများကလည်း မိမိတို့၏ တပည့်သားများကို နည်းအမျိုးမျိုးဖြင့်ဆုံးမသွန်သင်ကြသည်။

ဆုံးမသွန်သင်ခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရားက မြင်းထိန်းတစ်ဦးကို ပြောကြားခဲ့ဘူးသည်။မြင်းထိန်းကအရှင်ဘုရားတပည့်သာဝကပေါင်းမြောက်များစွာကိုမည်သို့မည်ပုံယဉ်ကျေးသိမ်မွေ့အောင်ဆုံးမပါသနည်းဟုမေးလျှောက်သောအခါ ဘုရားရှင်ကမြင်းထိန်းကိုပြန်မေး၏။
“သင်ကောသင့်ရဲ့မြင်းတွေကိုလိမ္မာယဉ်ကျေးအောင်မည်ကဲ့သို့ဆုံးမသနည်း”
ဟုမေးသောအခါ မြင်းထိန်းက“တပည့်တော်က နူတ်ဖြင့်ညင်ညင်သာသာ ဆုံးမလို့ရနိုင်သောမြင်းများကို နူတ်ဖြင့်ပင် ညင်ညင်သာသာဆုံးမပါသည်။ ထိုသို့ဆုံးမ၍ မရသောမြင်းများကိုကြိမ်ဖြင့်ရိုက်နှက်ဆုံးမပါသည်။ ထိုသို့ဆုံးမ၍မရသောမြင်းများကိုသတ်ပစ်လိုက်ပါသည်”ဟုလျှောက်ထားလေ၏။

ထိုအခါ ဘုရားရှင်က“မြင်းထိန်း ငါလည်းထိုနည်းတူစွာပင်တည်း။ နူတ်ဖြင့်ညင်ညင်သာသာဆုံးမရမည့်တပည့်သားကိုနူတ်ဖြင့်သာညင်ညင်သာဆုံးမသည်။ ထိုသို့ဆုံးမ၍မရသောတပည့်သားကို ပြစ်ဒဏ်ဖြင့်ဆုံးမသည်။ မည်သည့်နည်းနှင့်မျှဆုံးမ၍မရသောတပည့်သားကိုသတ်ပစ်လိုက်၏”ဟုမိန့်

တော်မူသောအခါ မြင်းထိန်းက အံ့ဩစွာဖြင့်“အရှင်ဘုရားဘုရားရှင်တို့မည်သည်
သူတစ်ပါးကိုညှင်းဆဲခြင်း၊သတ်ဖြတ်ခြင်းအမှုကိုမပြုကြဘူးမဟုတ်လားဘုရား”ဟု
လျှောက်သောအခါ မြတ်စွာဘုရားက “မြင်းထိန်း ငါဘုရားရှင်က ပြစ်ဒဏ်
ပေးခြင်း၊သတ်ဖြတ်ခြင်းဆိုသည်မှာ ညင်ညင်သာဆုံးမ၍မရသောတပည့်သားကို
သိက္ခာပုဒ်များကိုပညတ်၍ ဆုံးမ၏။ မည်သို့မျှဆုံးမ၍မရသော တပည့်များကို
ဆုံးမမှုမပေးတော့ခြင်းပင်ဖြစ်သည် ဟုမိန့်တော်မူ၏။
ဆရာသမားမိဘတို့၏ဆိုဆုံးမမှုကိုမရရှိသောတပည့်သားများသည်အသတ်ခံ
လိုက်ရသည်နှင့်တူပါသည်။ ငါ့မြင်းငါစိုင်းစစ်ကိုင်းရောက်ရောက်ဆိုသကဲ့သို့
မိုက်ချင်တိုင်းမိုက်၊ရိုင်းချင်တိုင်းရိုင်းကြပေလိမ့်မည်။မိုက်ရိုင်းကြမ်းတမ်းခြင်း၏
ဆိုးကျိုးများကို ပေးဆပ်၍ ဆင်းရဲခြင်းသံသရာတွင် နစ်မွန်းကြပေလိမ့်မည်။
လမိုက်ညသန်းခေါင်ယာမ်တွင် အလင်းရောင်ကင်းမဲ့စွာခရီးသွားရသကဲ့သို့
အန္တရာယ်မျိုးစုံနှင့်ကြုံတွေ့နိုင်သည်။

ထို့ကြောင့်သားတော်ရာဟုလာကသဲများကိုလက်ဖြင့်ဆုပ်၍ဤသဲလုံးနှင့်
အမျှ ငါ့ကိုဆုံးမသွန်သင်မည့်ဆရာရှိလျှင်ကောင်းလေစွဟုဥဒါန်းကျူးရင့်ဘူး၏။
သူတော်ကောင်းတို့မည်သည်သူတစ်ပါးဆုံးမသွန်သင်သည်ကိုနာယူလွယ်တတ်
ကြ၏။ သင်္ကန်းဝတ်ရုံရာတွင်မညီမညာဖြစ်နေသော အရှင်သာရိပုတ္တရာကို
ကိုရင်လေးတစ်ပါးက “အရှင်ဘုရားသင်္ကန်းရုံတာမညီဘူးဘုရား”ဟုပြောလိုက်ရာ
အရှင်သာရိပုတ္တရာကသင်္ကန်းကိုသေသေချာချာပြန်ရုံ၏။ပြီးမှကိုရင်လေးဆီပြန်သွား၍“
အရှင်ဘုရားဒီလောက်ဆိုညီသွားပြီလားဘုရား”ဟုပြန်လည်လျှောက်ထားဘူး၏။

ဆုံးမဩဝါဒပေးတတ်သောဆရာမိဘများစွာရှိသကဲ့သို့ဆုံးမဩဝါဒပေး
နည်းချင်းလည်းမတူတတ်ချေ။တစ်ချို့ကရိုက်နှက်ဆူပူကြိမ်းမောင်း၍ကြမ်းကြမ်းတမ်းတ
မ်းဆုံးမလေ့ရှိတတ်ကြ၏။တစ်ချို့ကညင်ညင်သာသာနားဝင်အောင်ပြောဆိုဆုံးမလေ့ရှိ
တတ်ကြလေ၏။
မည်သို့ပင်ဆုံးမသည်ဖြစ်စေ“နာနာကြင်ကြင်၊အပြစ်မြင်တိုင်း၊ဝမ်းတွင်းမသို၊
ဟုတ်တိုင်းဆို၍ကျိုးလိုစိတ်က၊ဆုံးမတတ်သူ၊ဆရာဟူလော့”ဆိုသည့်အတိုင်း
ရင်တွင်းစေတနာမေတ္တာအပြည့်ဖြင့်ဆုံးမသွန်သင်သူကိုဆရာအဖြစ်သတ်မှတ်ရ
ပေလိမ့်မည်။

အိုးထိန်းသည်က အိုးကိုခိုင်မာစေရန် အဖန်ဖန်ပုတ်ခတ်ပေးရသကဲ့သို့
ဆရာသမားများက တပည့်သားများ လိမ္မာယဉ်ကျေးစေရန် အပြစ်အားလျော်စွာ
ရိုက်ပုတ်ဆုံးမသည်ကိုလည်း အပြစ်မယူသင့်ကြောင်းလောကနီတိဆရာက
ဆုံးမခဲ့ဘူး၏။တေလမုဋ္ဌိဇာတ်တော်၌ဒိသာပါမောက္ခဆရာကြီး၏တပည့်များထဲ

တွင် ဘုရင့်သားတော်တစ်ပါးသည်စည်းကမ်းမဲ့၏။
ဆော့ကစားရင်းက ယာသမားများ လှန်းထားသော နှမ်းများကိုယူစားတတ်၏။
မခံမရပ်နိုင်သော ယာသမားက ဆရာကြီးကို သွားရောက်တိုင်တန်း၏။ ဆရာက
ထိုဘုရင့်သားတော်ကိုမှတ်သားလောက်အောင် ကြိမ်ဒဏ်ပေးလိုက်၏။
ထိုမင်းသားဘုရင်ဖြစ်သွားသောအခါဆရာကြီးကိုပူဇော်ရန်ဟုဆိုကာနန်းတော်ကိုပင့်၏။
နန်းတော်ထဲရောက်မှ "ကဲ ဆရာကြီးကျုပ်ကိုမှတ်မိသေးလား၊ဆရာကြီးက
ကျုပ်နှမ်းလေးတစ်ဆုပ်ယူစားမိတာနဲ့မှတ်သားလောက်အောင်ကြိမ်ဒဏ်ပေးခဲ
တယ်၊အခုတော့ကျုပ်အလှည့်ပေါ့ဆရာကြီးရယ်"ဟုရန်ညှိုးစကားဆိုလေ၏။
ထိုအခါဆရာကြီးက "မင်းကြီး ကျွန်ုပ်အဲဒီတုန်းကနှမ်းလေးတစ်ဆုပ်ခိုးစားမိသော
သင့်ကိုမှတ်သားလောက်အောင်ကြိမ်ဒဏ်ပေးခဲ့လို့သာအခုလိုတိုင်းပြည်ကြီးရဲ့
အရှင်ဖြစ်လာခဲ့တာပါ။ကျွန်ုပ်ကလည်းမင်းဧကရာဇ်ဖြစ်မည့်သူကအခုလိုသေးသိမ်ယုတ်
ညံ့တဲ့အလုပ်ကို မှတ်သားလောက်အောင်ဆုံးမထားမှ သင့်တော်မယ်ထင်လို့
ဆုံးမခဲ့တာပါ။တကယ်လို့သာအဲဒီတုန်းကကျွန်ုပ်မဆုံးမခဲ့ဘူးဆိုရင်နှမ်းတစ်ဆုပ်ခိုးရာ
ကနေခိုးစားရတဲ့အရသာကိုသာယာသွားမယ်။သာယာရာကစလို့သူခိုးလေးကနေ
သူခိုးကြီးဖြစ်သွားမယ်။သူခိုးကြီးကနေ ဓားပြဖြစ်သွားမယ်။ ဓားပြကနေ
သူပုန်ဖြစ်သွားရင် အခုလို မင်းဧကရာဇ်ဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူး" ဟု
ပြောလိုက်မှ သူ့အမှားကိုသူသိသွားခဲ့၏။ ဆရာကြီးကိုဂလဲ့စားမချေတော့ဘဲ
ပူဇော်လှူဒါန်းခဲ့သည်။
ထိုဖြစ်စဉ်ကိုကြည့်ပါကတစ်ခါတစ်ရံဆရာသမားကတပည့်သားအပေါ်တွင်
စေတနာမေတ္တာကြီးမားသော်လည်းမလွှဲသာမရှောင်သာကြိမ်ဒဏ်ခတ်တတ်ကြလေ၏။
ဆရာသမား၏ရင်တွင်းစေတနာမေတ္တာကိုတပည့်များကနားလည်သင့်လှပေ၏။

ရက္ခစိုးနတ်က ရသေ့ကိုဆုံးမပုံသည်ကား ညင်သာလှပါ၏။တစ်ခါတုန်းက
ရသေ့တစ်ပါးရေကန်ဘောင်ပေါ်တွင်တရားရှုမှတ်နေရင်းလေထဲတွင့်လွင့်ပျံ့လာ
သောကြာပန်းရနံ့လေးကိုရှူရှိုက်လိုက်မိပါ၏။ထိုအခါရက္ခစိုးနတ်က "ပန်းဖျက်
မုဆိုး နံ့သာခိုး" ဟုစွပ်စွဲ၏။
ရသေ့က "အမောင်ရက္ခစိုးတောထဲမှာသူတစ်ပါးအသက်တွေကိုသတ်နေတဲ့မုဆိုး
တံငါတွေလည်းရှိတယ်။
သူများပစ္စည်းဥစ္စာ၊သူများသားမယားစော်ကားနေသူတွေလဲရှိတယ်။ အဲဒီလို
ဒုစရိုက်တွေကိုရှောင်ကျဉ်ပြီးအမြဲတမ်းသီလလုံတဲ့ငါ့ကိုကျမှလေထဲမှာလွင့်လာ
တဲ့ကြာပန်းရနံ့လေးကိုရှူမိတာနဲ့နံ့သာခိုးလို့စွပ်စွဲရက်လိုက်တာ"ဟုပြန်လည်
ချေပ၏။ ထိုအခါရက္ခစိုးနတ်က "ဒီမှာရှင်ရသေ့ရှင်ရသေ့ကဘာအစွန်းအထင်းမရှိသေးတဲ့
အဝတ်ဖြူလေးနဲ့တူတယ်။ အစွန်းသေးသေးလေး စွန်းရင်တောင်သိသာတယ်။
မုဆိုးတံငါလူဆိုးလူမိုက်တွေကတော့လက်နီးစုတ်နဲ့တူတယ်။သူတို့ကဘယ်

လောက်ပဲ အကုသိုလ်တွေလုပ်လုပ် ညစ်ပတ်ပြီးသားဆိုတော့မသိသာဘူး။
အရှင်ရသေ့မှာတော့သီလဖြူစင်ပြီးသားဆိုတော့သေးသေးသိမ်သိမ်လေးလို့ထင်
ရတဲ့ အပြစ်ကလေးကျူးလွန်ရင်ကိုသိသာတယ်။ အခုလိုသေးသေးသိမ်သိမ်
အပြစ်ကလေးကိုကျူးလွန်မိရာကနေကာမဂုဏ်တွေကိုသာယာမိသွားမယ်။
ကိုယ်ကျင့်သီလတွေကို ထိခိုက်လာမယ်။ဈာန်တွေလျှောကုန်မယ်ဆိုတာကိုသိလို့
ကြိုတင်တားမြစ်သောအားဖြင့် စွပ်စွဲလိုက်တာပါ”ဆိုလေ၏။
ထိုအခါကျမှ ရသေ့က ရက္ခစိုးနတ်၏စေတနာကိုနားလည်သွား၏။
ထိုဖြစ်စဉ်လေးကိုဖတ်လိုက်မိခါမှအပြစ်နည်းနိုင်သမျှနည်းအောင်အမြဲကြိုးစားနေသော
မိမိကို ဆရာသမားကခဏခဏဆုံးမနေခြင်းသဘောကိုနားလည်ခဲ့ရလေ၏။
တတ်သိလိမ္မာပြီးသောတပည့်သားကိုဆရာသမားမိဘကအမှားလမ်းကိုမရောက်
စေချင်။ခဏခဏအမှားကျူးလွန်ဖန်များလာလျှင်အမှားကိုရိုးသွားတတ်၏။
ရဲရဲဝံ့ဝံ့ကျူးလွန်မိလာတတ်ချေ၏။ထိုအခါ၌ကားအဖတ်ဆည်၍မရအောင်ပျက်စီးသွားတ
တ်ကြ၏။
လက်နှီးစုတ်လိုတစ်ဘဝလုံးညစ်ပတ်နေသောလူဆိုးလူမိုက်ကြီးဖြစ်သွားတတ်၏။
ထိုသို့ အဖြစ်မခံနိုင်၍သာ လိမ္မာပြီးသားတပည့်သားကို ခဏခဏဆုံးမပေးရ၏။
ထိုစေတနာမေတ္တာသဘောကိုတပည့်သားများကဆရာသမားမိဘအပေါ်တွင်နား
လည်သင့်ပါ၏။

လူတိုင်းလူတိုင်းသူ့အဆင့်နဲ့သူအစွမ်းအစရှိကြသည်သာ။တပည့်သားတို့၏အစွမ်း
ကိုဆရာသမားများကအစဆွဲထုတ်ပေးရ၏။မတတ်၊မသိသေးသော
တပည့်သားများကိုတတ်သိလာအောင်ဆုံးမပေးတတ်ကြ၏။မထူးချွန်မထက်မြက်သေးေ
သာ တပည့်သားများကို ထူးချွန်ထက်မြက်လာအောင်ဆုံးမပေးတတ်ကြ၏။
ထို့ကြောင့်ပင် မိဘများထံမှ ကံပေးသောခန္ဓာကိုယ်ကို ရရှိခဲ့ကြ၏။
ဆရာသမားများထံမှဉာဏ်ခန္ဓာကိုယ်ကိုရရှိခဲ့ကြ၏။ပညာသင်ကြားပေးတိုင်း
လည်းအာစရိယဂုဏောအနန္တောတွင်ထည့်သွင်း၍မရနိုင်။ဆရာ့ကျင့်ဝတ်၊
ဆရာ့ဂုဏ်နှင့်ညီညွတ်မှသာ ထည့်သွင်းသင့်ပေသည်။

ကိုလိုနီခေတ်ကလောကဓာတ်ပညာကိုသင်ကြားပေးကြသောဘာသာခြား
ဆရားများကိုမြန်မာကျောင်းများကအနန္တကျေးဇူးရှင်ကြီးများသဘွယ်ထင်မှတ်နေ
ကြ၏။ ဆရာဆိုသည်မှာ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားရမည်ဟုဆိုကြ၏။
ထိုဆရာမျိုးကားမည်သို့ဆရာမျိုးပါနည်းစဉ်းစားသင့်၏။
မြန်မာပြည်မှာနေ၊မြန်မာ့ရေမြေကိုသောက်သုံး။မြန်မာပြည်သားများ၏အယူအဆများ၊အ
တွေးအခေါ်များကိုမှားယွင်းအောင်ရိုက်သွင်းခဲ့ကြ၏။လောကဓာတ်ပညာ

ရပ်များကိုသင်ကြားရင်းက ဘာသာခြားအယူအဆများကိုသိမ်းသွင်းပေးခဲ့ကြ၏။ အသိဉာဏ် ရှိကြသော မြန်မာများကိုကား သိမ်းသွင်း၍မရရှိခဲ့ပါ။ ထို့ကြောင့်ပင် လယ်တီဆရာတော်ကြီးက မြန်မာကျောင်းသားများကိုဉာဏ်မျက်စိပွင့်လင်းစေရန် အာစရိယဂုဏ်ကိုပြသခဲ့ပါ၏။
အနန္တငါးပါးဘုရားရှိခိုးလင်္ကာကို စပ်ဆိုရေးသားပြသခဲ့ခြင်းဖြစ်ပါ၏။

အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ကောက်ယူပြ၍၊နယနည်းနာ၊
အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကျဉ်၊
ကောင်းရာညွှန်လျှက်၊နှုတ်မြွက်သံချို၊ဆုံးမဆိုသား၊ထိုထိုများစွာ၊သံသရာဝယ်၊
သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊
ခေမာဘူမိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ရောက်အောင်ပြညွှန်၊
သွန်သင်ပေတတ်၊ဆရာမြတ်ကို၊အဟံတပည့်တော်သည်၊သီရသာဦးခေါင်းရတနာ၊
မြတ်အင်္ဂါဖြင့်၊ ဝန္ဒေဝန္ဒာမိ–ရှိခိုးပါ၏အရှင်ဘုရားဟုစပ်ဆိုရေးသားတော်မူခဲ့၏။
ထို့ကြောင့်ဆရာစစ်ဆရာမှန်ဆိုသည်မှာမကောင်းသည်ကိုတားမြစ်တတ်။ကောင်းသည် ထက်ကောင်းအောင်ညွှန်ပြတတ်၏။အပါယ်လေးပါးရောက်မည့်အရေးကို တားမြစ်၍ နိဗ္ဗာန်ရောက်အောင် လမ်းညွှန်မှုပေးတတ်၏။ ဆရာစစ်ဆရာမှန်တို့၏ လမ်းညွှန်ချက်ကို ကောင်းမွန်စွာရရှိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။

အရှင်ဇဝန(ကုန်းဇောင်း)